## ၅။ ငှက်ပျောဇာတောင်ပိုး

**Banana lace-wing bug: *Stephanitis typica* (Distant, 1903)**



**Hemiptera: Tingidae**

**ဖျက်ကောင်ပုံသဏ္ဌာန်များ**




အကောင်ကြီးအဆင့် အမများသည် (၃-၄) မီလီမီတာခန့်ရှည်၍ (၁.၅ -၂.၅ ) မီလီမီတာ အကျယ်ရှိပြီး ဇာကွက်ကဲ့သို့ အကွက်များ **ပါရှိသည်။** အရောင်ဖျော့အဖြူရောင်ရှိသော အတောင်များ နှင့် အရောင်ရင့်သည့် ဝမ်းဗိုက်ပိုင်းကို မြင်နိုင်သည်။

**ဖျက်ဆီးပုံလက္ခဏာများ**

အကောင်ကြီးနှင့် ပိုးမမည်များသည် ရွက်လ**ယ်**ကြောအနီး၊ အရွက်အောက်မျက်နှာပြင် ပေါ်တွင် စားသောက်ဖျက်ဆီးသည်။ အရွက်၏အပေါ်မျက်နှာပြင်တွင် အဝါဖျော့ရောင် အစက်အပြောက်များ ဖြစ်ပေါ်စေပြီး အောက်မျက်နှာပြင်ပေါ်တွင် အရောင်ရင့်သည့်ပိုးချေးများ တွေ့နိုင်သည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | -(၁၂)ရက် |
| ပိုးမမည်အဆင့် | -(၁၃)ရက် |
| အကောင်ကြီးအဆင့် | **- (၄-၁၀)** ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁)ဖျက်ပိုးကျရောက်မှု ရှိ/မရှိ ကို အလင်းရောင်ထောင်ချောက်ထွန်း၍ ပုံမှန် ကင်းထောက်ပါ။

**(**၂) ပင်လုံးပြန့်အာနိသင်ရှိပိုးသတ်ဆေးတမျိုးမျိုးကို ဆေးအညွှန်းအတိုင်း အကောင်ရှိ သည့်နေရာရောက်အောင် ပက်ဖျန်းခြင်းဖြင့် နှိမ်နင်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျ ခူးဆွတ်ပါ။

- အဆီတာမိပရစ်(Acetamiprid)
- ဒိုင်မီသိုအိတ်(Dimethoate)